# ကမ္ဘာပေါ်ရှိ တန်ဖိုးအကြီးမားဆုံး Iphone

စာရေးသူ....သက်တန့်ရှိူ (၁၀း၀၀ ည ၂၃.၁၂.၀၉)







အကယ်၍ သင်ဟာ ဖုန်းသရဲ တစ်ဦး ဆိုရင်တော့ ဒီဖုန်းကိုကြိုက်နစ်သက်မိမှာ အမှန်ပါပဲ ။ Australia မှာနေတဲ့ Peter Aloisson က ဒီအိုင်ဖုန်းကို ပြုလုပ်ထားခြင်း ဖြစ်ပါတယ် ။ အကျိုးဆက်ကတော့ အိုင်ဖုန်း ဘုရင်မ (ကမ္ဘာပေါ်မှာ တန်ဖိုးအကြီးမားဆုံး ) ဖြစ်သွားပါတယ် ။ စိန်အလုံးပေါင်း ၁၃၈ လုံးကို အသုံးပြုထားပြီး အဲဒီစိန်တွေကို Princess cut လို့လည်း ခေါ်ပါတယ် ။ စိန်အလေးချိန်ပေါင်း ၁၇.၇၅ ကာရက်ရှိပြီး ရွှေဖြူပေါင်း ၁၈ ကီလိုနဲ့ပြုလုပ်ထားပါတယ် ။တန်ဖိုးက ဒေါ်လာ ၁၇၆ ၄၀၀ ဖြစ်ပါတယ် ။ Brilian cut diamonds တွေချည်းပဲ ပြုလုပ်ထားတဲ့ ဖုန်းကတော့ ဒေါ်လာ ၆၆၁၅၀ ကျပါတယ် ။

## ပြင်သစ်နိုင်ငံမှ ရေအောက်ဖုန်းရုံလေး











ရေအောက်ဖုန်းရုံ ဆိုလို့ရေအောက်ထဲမှာ လုပ်ထားတာလို့ မထင်ပါနဲ့ ။ ရေအောက်ထဲက ဒီဇိုင်းလေး အတိုင်းလုပ်ထားတာပါ ။ ထွင်လဲထွင်တက်ပါ့နော် ။ ဒါပေမဲ့ တစ်မျိုးတော့ဆန်းသား ။ ရေအောက်ဒီဇိုင်းလေးကို ကြည့်ပြီး ဖုန်းဆက်လို့ရတာပေါ့နော် ။ တည်ရှိတာကတော့ ပြင်သစ်မှာ ဖြစ်ပါတယ် ။ ကမ္ဘာလှည့် ခရီးသည်တွေအတော်များများလည်း ဒီဖုန်းရုံလေးကို စိတ်ဝင်တစားလာ ကြည့်ကြတယ်လို့ သိရပါတယ် ။ ကဲ ဒို့တွေလည်း သွားကြည့်ကြရအောင်နော့ ။